## ၂။ မီးသင်္ဂြိုလ်ရန် ထင်းမှာထားပြီးပြီ

M.Sc ကျောင်းသား ။ ။ ဆရာတော် ကျန်းမာရေး မကောင်းဖြစ်ရာကနေ နောက်ပိုင်း ကောင်းလာတာလား ဘကြီး။

ကပ္ပိယဘကြီး ။ ။ မကောင်းတုန်းကဆို တော်တော်ကို မကောင်းတာ ကျောင်းသား။

M.Sc ကျောင်းသား ။ ။ ဆေးဘယ်လိုကုသလဲ ဘကြီး။

ကပ္ပိယဘကြီး ။ ။ ဘကြီးက ဗမာဆရာနဲ့ ပြပေးတယ်။ ပြီးတော့ မြွေပွေးအထီးရဲ့ သည်းခြေနဲ့ကုဖို့ အားလုံး စီစဉ်ပြီးခါမှ ဆရာတော်က ဝိနည်းနဲ့မညီလို့ဆိုပြီး လက်မခံဘူးလေ၊ ဒါနဲ့ ဘကြီးတို့ ကပ္ပိယတွေကလည်း ထိုင်စောင့် ကြည့်နေရတာပေါ့ မောင်ကျောင်းသား။

M.Sc ကျောင်းသား ။ ။ ဘကြီးတို့က ဘာကို ထိုင်စောင့်ကြည့်နေရတာလဲဗျာ။

ကပ္ပိယဘကြီး ။ ။ အခြေအနေက တစ်နေ့တစ်ခြား ယိုင်နဲ့လာလိုက်တာ အဲသည်နှစ်က ဝါထပ်တယ် ကျောင်းသား၊ ဝါကျွတ်မယ့် အခြေအနေမရှိဘူး။

M.Sc ကျောင်းသား ။ ။ အော် အဲသလောက်ကို ဆိုးနေတာလား ဘကြီး။

ကပ္ပိယဘကြီး ။ ။ ဟုတ်တယ်။ အဲသည်နှစ်က လေမိုးကလည်း ကောင်းလိုက်တာ မပြောနဲ့တော့၊ ဟောဒီ ရေကန်ကြီး တစ်ညထဲနဲ့ကို ရေပြည့်တယ်။

M.Sc ကျောင်းသား ။ ။ ဟုတ်ကဲ့။

ကပ္ပိယဘကြီး ။ ။ ဝါတွင်းကြီးပျံလွန်ရင် မိုးက နေ့နေ့ညည စွေနေတော့ ထင်းတွေကလည်း စိုနေတယ်လေ။ ဒီတော့ မီးသဂြိုလ်ဖို့ အခက်အခဲဖြစ်မှာ စိုးရိမ်နေကြရပြီ။

M.Sc ကျောင်းသား ။ ။ ကပ္ပိယဘကြီးတို့က အခုလောက်ထိကို စီစဉ်နေတော့တာလား။

ကပ္ပိယဘကြီး ။ ။ ဟုတ်တယ်၊ ဆရာတော်ကလည်း ဈာပနအတွက်
နေရာကို လက်ညှိုး ထိုးပေးထားပြီးသားလေ။

M.Sc ကျောင်းသား ။ ။ အော် ဟုတ်ကဲ့ဘကြီး။

ကပ္ပိယဘကြီး ။ ။ ဒါနဲ့ ရွာထဲက အိမ်တွေလိုက်ကြည့်ပြီးတော့
ထင်းချောင်းအခြောက် ရှည်ရှည်ရှိတဲ့ ဘကြီးတူမ
အိမ်ကို မှာထားရတယ်။

M.Sc ကျောင်းသား ။ ။ ဘာကိုမှာထားတာလဲ ဘကြီး။

ကပ္ပိယဘကြီး ။ ။ ထင်းအခြောက်တွေနဲ့မှ ဈာပနပွဲ လုပ်လို့ရမှာ
လေ ကျောင်းသား။ ထင်းအစိုနဲ့ ပွဲဘယ်လို
လုပ်မလဲ။

M.Sc ကျောင်းသား ။ ။ အော် နားလည်ပါပြီ ဘကြီး၊ ဆရာတော်
ဝါတွင်းကြီး ပျံလွန်ရင် မီးသင်္ဂြိုလ်ဖို့ ထင်းအခြောက်
တွေကို ဘကြီးတို့က ကြိုတင် Booking လုပ်ထား
တာပေါ့နော်။

ကပ္ပိယဘကြီး ။ ။ ဟုတ်တယ်။ ကြိုတင် စီစဉ်ထားရတယ်။

M.Sc ကျောင်းသား ။ ။ အခုတော့ ဆရာတော်က နေကောင်းတာ ဖူး

တွေ့နေရတယ်။ ထင်းမှာတဲ့ ဘကြီးတို့ ကပ္ပိယတွေကလည်း နေကောင်း ကျန်းမာလျက်ပါပဲလားခင်ဗျား။

ကပ္ပိယဘကြီး ။ ။ ဆရာတော်ကို ပျံလွန်တဲ့အထိ ပြုစုပြီး သင်္ဂြိုဟ်ပြီးမှ ရန်ကင်းတောင်ပေါ်က ဆင်းမယ်လို့ပြောပြီး ထင်းတွေမှာကြတဲ့ ကပ္ပိယဦးခန့်ဖြူ ကပ္ပိယဦးတင်ထွန်းနဲ့ ကပ္ပိယဦးငြိမ်းမောင်တို့ ဆုံးသွားရှာပြီ၊ ဆရာတော့်ကို '*နောက်ဆုံး အချိန်အထိ ဆေးကုပေးပါရစေဘုရား*'လို့ လျှောက်ထားပြီး အချိန်မရွေး နေ့နေ့ညည ဆေးလာလာကုပေးတဲ့ အငြိမ်းစားကျန်းမာရေးမှူး ဆရာချစ်လည်း အူမကြီးကင်ဆာရောဂါဖြစ်ပြီး ဆုံးသွားရှာကြပြီ။

M.Sc ကျောင်းသား ။ ။ အော် - စိတ်မကောင်းစရာပါပဲ ဘကြီး။